# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၅ )    ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်

**မာတိကာစဉ်**


၁။ ပဋိညာဉ်တစ်ရပ်တွင် ဆောင်ရွက်ရမည့်အချိန်သတ်မှတ်ထားမှု မရှိခြင်း ၂ - ၃

၂။ ဆိုရှယ်မီဒီယာပေါ်တွင် ဖြစ်ပေါ်လာသော ဥပဒေရေးရာပြဿနာများ ၄ - ၆

၃။ ကနေဒါတရားရုံးချုပ်သည် ရှေ့နေများ၏ ခုခံကာကွယ်မှုအတွက် ရှေ့နေ-အမှုသည် လျှို့ဝှက်ချက် ထိန်းသိမ်းပိုင်ခွင့်ကို ခြွင်းချက်အဖြစ် သတ်မှတ်ခြင်း ၇ - ၈

၄။ ဉာဏ်ရည်တု **(AI)** ခေတ်အတွင်း သတင်းမှားများအား တုံ့ပြန်နိုင်ရေး အတွက်ထိုင်းနိုင်ငံ၌ မျိုးဆက်သစ် သတင်းထောက်များအား လေ့ကျင့်သင်ကြားပေးခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာသုံးသပ်တင်ပြခြင်း ၉ - ၁၁

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၅ )          ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်

## ပဋိညာဉ်တစ်ရပ်တွင် ဆောင်ရွက်ရမည့် အချိန်သတ်မှတ်ထားမှု မရှိခြင်း

ပဋိညာဉ်များချုပ်ဆိုကြရာတွင် ဆောင်ရွက်ရမည့်ကိစ္စများနှင့်စပ်လျဉ်း၍ အချိန်များသတ်မှတ်လေ့ရှိကြပါသည်။ယင်းသို့ သတ်မှတ်မှသာလျှင် သတ်မှတ်သည့် အချိန်အတွင်း ကတိအတိုင်း ဆောင်ရွက်ခြင်း မပြုလျှင် သို့မဟုတ် ပြုလုပ်ရန် ပျက်ကွက်လျှင် ကတိရသူက ယင်းပဋိညာဉ်ကို ဖျက်သိမ်းခွင့် ရရှိမည်ဖြစ်သည်။ထို့ပြင် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ကတိလက်ခံသူ၏ ဆုံးရှုံးမှုအတွက် ကတိပြုသူထံမှ လျော်ကြေးရရန် တောင်းဆိုခွင့်ရှိမည်ဖြစ်သည်။

ပဋိညာဉ်တွင် ပဋိညာဉ်ပြုသူများအနေဖြင့် မည်သည့်နေ့ရက်တွင် ဆောင်ရွက်မည်ဟု တိတိကျကျ သတ်မှတ်ထားပါက သာမန်အားဖြင့် ယင်းနေ့တွင် ဆောင်ရွက်ရန် တာဝန်ရှိမည်ဖြစ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ အရ ပဋိညာဉ်ပြုသူက တစ်စုံတစ်ခုသောပြုလုပ်မှုကို သတ်မှတ်ထားသောအချိန်အတွင်း ဆောင်ရွက်မည်ဟု ကတိထားပြီးနောက် ထိုသို့သတ်မှတ်သော အချိန်အတွင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက အချိန်ကာလသည် ပဋိညာဉ်၏ အဓိကအချက်ဖြစ်သည်ဟု ပဋိညာဉ်ပြုသူတို့က ရည်ရွယ်ချက်ရှိလျှင် ယင်းပဋိညာဉ်ကို ကတိလက်ခံသူအလိုရှိပါက ပျက်ပြယ်ခွင့်ရှိမည် ဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၄၆ တွင် "ပဋိညာဉ်အရ ကတိလက်ခံသူက မတောင်းဆိုဘဲ ကတိပေးသူသည် ကတိအတိုင်း ဆောင်ရွက်ရန်ဖြစ်ပြီး ဆောင်ရွက်ရန်အချိန် သတ်မှတ်ထားခြင်းမရှိလျှင် ကတိကို သင့်လျော်သော အချိန်အတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ပြဋ္ဌာန်းထားပါသည်။ ပဋိညာဉ်တစ်ရပ်တွင် ပဋိညာဉ်အတိုင်းဆောင်ရွက်ရန် အချိန်သတ်မှတ်ထားခြင်း မရှိပါက သင့်လျော်သည့်အချိန်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သင့်လျော်သောအချိန် ဟုတ် မဟုတ် ဆိုသောအချက်ကို ပဋိညာဉ်အမျိုးအစားအလိုက် ဆောင်ရွက်ရန် ပေါ်ပေါက်နေသော အကြောင်းခြင်းရာများအပေါ် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

ပဋိညာဉ်အများစုတွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရမည့်အချိန်ကို ကြိုတင်၍ သတ်မှတ်ကြသော်လည်း ကြိုတင်သတ်မှတ်ထားခြင်း မရှိပါက ပဋိညာဉ်ပြုသူသည် တစ်ဖက် ပဋိညာဉ်ပြုသူအား ပဋိညာဉ်အတိုင်းဆောင်ရွက်ရန် အကြောင်းကြားပြီး ဆောင်ရွက်ရန်အချိန်ကို သတ်မှတ်ရမည်ဖြစ်ပါသည်။ ယင်းသို့သတ်မှတ်သော အချိန်ကာလအတွင်း ပဋိညာဉ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ရာ တစ်ဖက်မှ ပဋိညာဉ်ပြုသူမှ မလိုအပ်ဘဲ ကြန့်ကြာမှုရှိလျှင် အခြားတစ်ဖက်သို့ အကြောင်းကြားစာပေးပို့ပြီး ချုပ်ဆိုခဲ့သော ပဋိညာဉ်ကို ရုပ်စဲခွင့်ရှိမည်ဖြစ်သည်။

ဆောင်ရွက်ရမည့်အချိန်သည် ပဋိညာဉ်အတွက် ပဓာန မကျစေကာမူ ကတိပြုသူတစ်ဦးက တစ်ဖက်ကတိပြုသူအား မည်သည့်နေ့ရက် နောက်ဆုံးထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတ်မှတ်ထားလျှင် ယင်းနေ့ရက်အတွင်း ဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်လျှင် ပဋိညာဉ်ရုပ်စဲမည်ဟု အကြောင်းကြားခြင်းမှာ ပဋိညာဉ်၌ အချိန်သည်ပဓာနကျသောအချက် ဖြစ်လာနိုင်ပေသည်။ အချိန်သတ်မှတ်ထားခြင်းမရှိသော ပဋိညာဉ်ကိုလည်း ထိုအတိုင်း ဆောင်ရွက်လျှင် အလားတူအကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။ထို့ပြင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ်ရုပ်စဲမည်ဖြစ်ကြောင်း အချိန်ကာလဖော်ပြခဲ့ခြင်းမရှိသဖြင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂(ည) နှင့်အညီ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေခြင်းမှ ရုပ်စဲပြီး ပျက်ပြယ်သည့် ပဋိညာဉ်အဖြစ်လည်း ပေါ်ပေါက်လာမည် မဟုတ်ပေ။

ထို့ကြောင့် ပဋိညာဉ်များတွင် အချိန်သတ်မှတ်ဖော်ပြထားသင့်သော်လည်း အချိန်ကာလ သတ်မှတ်ဖော်ပြထားခြင်း မရှိပါက အထက်ပါအတိုင်း ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ဆိုရှယ်မီဒီယာပေါ်တွင် ဖြစ်ပေါ်လာသော ဥပဒေရေးရာပြဿနာများ

### နိဒါန်း

ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဆိုရှယ်မီဒီယာပလက်ဖောင်းများသည် သတင်းအချက်အလက်ဖလှယ်ခြင်း၊ လူမှုဆက်ဆံရေးနှင့် အမြင်ဖော်ပြမှုတို့အတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တည်ရှိလာခဲ့သည်။သို့ရာတွင် အချက်အလက်များကို အလွယ်တကူ ဖန်တီး၊ မျှဝေနိုင်မှုကြောင့် ဥပဒေရေးရာပြဿနာများလည်း ပိုမိုရှုပ်ထွေးလာလျက်ရှိသည်။အဆိုပါ ပြဿနာများကို နိုင်ငံတော်၏ ဥပဒေဆိုင်ရာစည်းမျဉ်းများဖြင့် ထိန်းညှိထားသော်လည်း လက်တွေ့ အသုံးချရာတွင် စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

### ကိုယ်ရေးကိုယ်တာအချက်အလက် ချိုးဖောက်မှု

ဆိုရှယ်မီဒီယာပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ထုတ်ဖော် မျှဝေခြင်းသည် လူတစ်ဦး၏ အခြေခံအခွင့်အရေးများကို ထိခိုက်စေနိုင်သည်။မြန်မာနိုင်ငံတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (Electronic Transactions Law, 2004) သည် အီလက်ထရောနစ်နည်းလမ်းဖြင့် ဆက်သွယ်ရာတွင် တာဝန်ရှိစွာပြုမူရန် သတ်မှတ်ထားပြီး၊ ဆက်သွယ်ရေးဥပဒေ (Telecommunications Law, 2013) သည် ဆက်သွယ်ရေးကွန်ယက် အသုံး ပြုရာတွင် အခြားသူများအား ထိခိုက်စေခြင်းကို ကန့်သတ်ထားသည်။

### ဂုဏ်သိက္ခာချိုးဖောက်မှု

ဆိုရှယ်မီဒီယာသည် သတင်းအချက်အလက်များကို အချိန်တိုအတွင်း အများပြည်သူထံ ရောက်ရှိစေနိုင်သည့် လက္ခဏာရှိသောကြောင့် မမှန်ကန်သော စာသားများနှင့် ဖော်ပြချက်များသည် လူတစ်ဦး၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်။ရာဇသတ်ကြီး ပုဒ်မ ၄၉၉ နှင့် ၅၀၀ အရ ဂုဏ်သိက္ခာချိုးဖောက်မှုကို ပြစ်မှုအဖြစ် သတ်မှတ်ထားပြီး ပြစ်ဒဏ်ချမှတ်နိုင်သည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၅ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်

**လူမျိုး၊ ဘာသာရေး အခြေပြု မုန်းတီးမှုနှင့် အမုန်းစကား**

ဆိုရှယ်မီဒီယာပေါ်တွင် လူမျိုး၊ ဘာသာရေး သို့မဟုတ် လူမှုအုပ်စုတစ်ရပ်ရပ်အား မုန်းတီးမှု ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများ ဖြန့်ဝေခြင်းသည် လူမှုရေးမငြိမ်သက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ရာဇသတ်ကြီး ပုဒ်မ ၁၅၃(က)အရ လူမျိုးနှင့်ဘာသာရေးအခြေပြု မုန်းတီးမှုများကို ဖြစ်ပေါ်စေသည့်လုပ်ရပ်များကို ပြစ်မှုအဖြစ် သတ်မှတ်ထားသည်။

**သတင်းမှားများနှင့် ဆက်သွယ်ရေးကွန်ယက် အသုံးချမှု**

မမှန်ကန်သောသတင်းများကို ဆက်သွယ်ရေးကွန်ယက်မှတစ်ဆင့် ဖြန့်ဝေခြင်းသည် လူမှုအဖွဲ့အစည်းအတွင်း မငြိမ်သက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အရ ဆက်သွယ်ရေးကွန်ယက်အသုံးပြု၍ အခြားသူ၏ဂုဏ်သိက္ခာ၊ ကိုယ်ရေးကိုယ်တာ သို့မဟုတ် လုံခြုံရေး ထိခိုက်စေခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ထားသည်။

**မူပိုင်ခွင့်ချိုးဖောက်မှု**

ဆိုရှယ်မီဒီယာတွင် အခြားသူများ၏ စာရေးသားမှုများ၊ ဓာတ်ပုံများနှင့် ဗီဒီယိုများကို ခွင့်ပြုချက် မရှိဘဲ ကူးယူအသုံးပြုခြင်းသည် မူပိုင်ခွင့်ချိုးဖောက်မှုဖြစ်နိုင်သည်။ မူပိုင်ခွင့်ဥပဒေ (Copyright Law, 2019) အရ စာပေ၊ ဗီဒီယိုနှင့် အနုပညာလက်ရာများကို ဥပဒေအရ ကာကွယ်ပေးထားသည်။

**နိဂုံး**

ဆိုရှယ်မီဒီယာသည် လူမှုဆက်ဆံရေးနှင့် အမြင်ဖော်ပြမှုအတွက် အရေးပါသော်လည်း ဥပဒေရေးရာ စည်းမျဉ်းများနှင့် တာဝန်ဝတ္တရားများကို မလိုက်နာပါက ပြစ်မှုမြောက်နိုင်သည်။ ထို့ကြောင့် ဝန်ထမ်းများနှင့် ဆိုရှယ်မီဒီယာ အသုံးပြုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာဥပဒေများကို သိရှိနားလည်ကာ တာဝန်ရှိစွာအသုံးပြုခြင်းသည် လိုအပ်သောလူကျင့်ဝတ်နှင့် ဥပဒေရေးရာတာဝန်တစ်ရပ်ပင် ဖြစ်သည်။

သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ရာဇသတ်ကြီး (Penal Code) ပုဒ်မ ၄၉၉၊ ၅၀၀၊ ၁၅၃(က)
- ဆက်သွယ်ရေးဥပဒေ (Telecommunications Law), ၂၀၁၃၊ ပုဒ်မ ၆၆(ဃ)
- အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (Electronic Transactions Law), ၂၀၀၄
- မူပိုင်ခွင့်ဥပဒေ (Copyright Law), ၂၀၁၉

## ကနေဒါတရားရုံးချုပ်သည် ရှေ့နေများ၏ ခုခံကာကွယ်မှုအတွက် ရှေ့နေ-အမှုသည် လျှို့ဝှက်ချက် ထိန်းသိမ်းပိုင်ခွင့်ကို ခြွင်းချက်အဖြစ် သတ်မှတ်ခြင်း

ကနေဒါနိုင်ငံတရားရုံးချုပ် (Supreme Court of Canada – SCC)သည် ရှေ့နေများအနေဖြင့် မိမိတို့အပေါ် ဖြစ်ပေါ်လာနိုင်သော ရာဇဝတ်မှုစွဲချက်များမှ အပြည့်အဝကာကွယ်နိုင်ရန်အတွက် ရှေ့နေ–အမှုသည်ကြား သိရှိထားသည့်အချက်ကို ခြွင်းချက်တစ်ရပ်အနေဖြင့် အသုံးပြုနိုင်ကြောင်း ၆-၂-၂၀၂၆ ရက်နေ့က မဲရလဒ် ၇ မဲ–၂ မဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

ကနေဒါနိုင်ငံတရားရုံးချုပ်က “ရှေ့နေတစ်ဦးသည် ရာဇဝတ်မှုတစ်ခုခုမှ ကာကွယ်ရန်အတွက် အမှုသည်နှင့် ဆက်သွယ်မှုပြောဆိုမှုများကို အသုံးပြုရန်လိုအပ်သည့် အခြေအနေတွင် ထိုဆက်သွယ်ပြောဆိုမှုကို “အပြစ်ကင်းစင်မှု စိုးရိမ်ရသည့်အနေအထားဖြစ်ခြင်း” (innocence at stake) ဟူသော ခြွင်းချက်ဖြင့် ကိုးကားအသုံးပြုနိုင်သည်” ဟု ဖော်ပြခဲ့ပါသည်။

တရားရုံးတရားသူကြီးအများစုက “ရှေ့နေတစ်ယောက်၏ တာဝန်ဝတ္တရားများသည် မိမိတို့အပေါ် စွဲတင်ထားသော ရာဇဝတ်မှုစွဲချက်တစ်ခုကို အပြည့်အဝဖြေရှင်းရန်နှင့် ခုခံကာကွယ်ရန် မိမိတို့အား ပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးနှင့် ရာဇဝတ်စွဲချက် ခုခံကာကွယ်ပိုင်ခွင့်တို့ကို ကျော်လွန်၍ မရကြောင်း” ဆုံးဖြတ်ခဲ့ကြသည်။

တရားရုံးချုပ်က “အပြစ်ကင်းစင်မှု စိုးရိမ်ရသည့်အနေအထားဖြစ်ခြင်း” (innocence at stake) ဟူသော ခြွင်းချက်ကို ၂၀၀၁ ခုနှစ်၊ R v McClure အမှုတွင် ပထမဆုံး သုံးသပ်ခဲ့ကြောင်း၊ အလွန်တင်းကျပ်သည့် စံသတ်မှတ်ချက် (stringent test)တစ်ရပ်ကို သတ်မှတ်ထားပြီး စွပ်စွဲခံရသူအား အပြစ်ရှိကြောင်း ပေါ်ပေါက်စေမည့် အဓိကအချက်များ ပါဝင်နေသည့် အခြေအနေ၊ မတရား ပြစ်ဒဏ် ချမှတ်ခံရနိုင်သည့် အန္တရာယ် အမှန်တကယ်ရှိနေသော အခြေအနေများတွင်သာ လျှို့ဝှက်ချက် ထိန်းသိမ်းပိုင်ခွင့်ကို ချိုးဖောက်သင့်ကြောင်း ရှင်းလင်းခဲ့သည်။

“McClure စံသတ်မှတ်ချက်”ကို ကျင့်သုံးရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ ရှေ့နေ–အမှုသည်အကြား သိရှိထားသည့်အချက်ကို အလေးထား ထိန်းသိမ်းထားရမည်ဖြစ်ပြီး ထိခိုက်မှုကို အနည်းဆုံးဖြစ်စေရန်၊ အဆိုပါအထူးအခွင့်အရေးသည် ရှေ့နေအတွက် မဟုတ်ဘဲ

အမှုသည်၏အခွင့်အရေးဖြစ်သဖြင့် အခွင့်အရေးပိုင်ဆိုင်သူကို ပြောဆိုခွင့်ရှိစေရန်နှင့် စွပ်စွဲခံ ရှေ့နေသည် အဆိုပါဆက်သွယ်ပြောဆိုမှုများကို မည်မျှအထိ အတွင်းကျကျ သိရှိထားကြောင်းကိုလည်း တရားရုံးက ထည့်သွင်းစဉ်းစားရန် တရားရုံးချုပ်က ဖော်ပြထားသည်။

တရားခံရှေ့နေ Sharon Fox သည် ကိုကိန်း မူးယစ်ဆေးဝါးရောင်းဝယ်မှုကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း မိမိ၏အမှုသည်နှင့်ပြောဆိုခဲ့သော ဖုန်းခေါ်ဆိုမှုတစ်ရပ်၏ လျှို့ဝှက်မဟုတ်သော အပိုင်းကို အခြေခံ၍ တရားစီရင်ရေးကို အဟန့်အတားဖြစ်စေသည်ဟု စွဲချက်တင်ခံခဲ့ရသည်။ တရားရုံးက Fox အနေဖြင့် မိမိကိုယ်မိမိ ကာကွယ်နိုင်ရေးအတွက် အမှုသည်၏ လျှို့ဝှက်ဆက်သွယ်မှုများကို အသုံးပြုနိုင်ရန် McClure လျှောက်လွှာတင်သွင်းခွင့်ရှိကြောင်း ဆုံးဖြတ်ထားသည်။

Ontario Law Society ၏ အဆိုအရ ရှေ့နေနှင့် အမှုသည်ကြား လျှို့ဝှက်ချက်ထိန်းသိမ်းပိုင်ခွင့် (Solicitor-client privilege)သည် ရှေ့နေနှင့် အမှုသည် ဆက်ဆံရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး၊ ၎င်းသည် ဥပဒေကြောင်းအရ အကြံဉာဏ်တောင်းခံရန် သို့မဟုတ် ပေးရန် ရည်ရွယ်ချက်ဖြင့် ရှေ့နေနှင့် အမှုသည်ကြား ပြောဆိုဆက်သွယ်မှုများနှင့် ဆက်စပ်သက်ဆိုင်သည်။လျှို့ဝှက်ချက်ထိန်းသိမ်းပိုင်ခွင့် (Privilege)သည် ရှေ့နေနှင့် မသက်ဆိုင်ဘဲ အမှုသည်နှင့်သာ သက်ဆိုင်သည့် အခွင့်အရေးဖြစ်သည်။ဤအခွင့်အရေးသည် ရှေ့နေများအနေဖြင့် အမှုအကြောင်းအရာကို အပြည့်အစုံသိရှိနားလည်စေရန် အထောက်အကူပြုသလို၊ အမှုသည်များဘက်မှလည်း ၎င်းတို့၏ ဥပဒေကြောင်းအရ ရည်မှန်းချက်များ အောင်မြင်စေရန် လိုအပ်သမျှ အချက်အလက်အားလုံးကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခွင့်ရစေရန် ခွင့်ပြုပေးထားခြင်း ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- https://www.jurist.org/news/2026/02/scc-rules-exception-to-solicitor-client-privilege-is-available-for-lawyers-defense/.

## ဉာဏ်ရည်တု (AI) ခေတ်အတွင်း သတင်းမှားများအား တုံ့ပြန်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၌ မျိုးဆက်သစ် သတင်းထောက်များအား လေ့ကျင့်သင်ကြားပေးခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာ သုံးသပ်တင်ပြခြင်း

နည်းပညာခေတ်၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ဉာဏ်ရည်တု (Artificial Intelligence - AI) နည်းပညာသည် ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် စီးဆင်းမှုစနစ်အတွင်းသို့ အဓိကအခန်းကဏ္ဍမှ ဝင်ရောက်လာလျက်ရှိပါသည်။သို့ရာတွင် အဆိုပါနည်းပညာကို အလွဲသုံးစားပြု၍ ဖန်တီးထားသော သတင်းမှားများ၊ လုပ်ကြံသတင်းများနှင့် နက်ရှိုင်းစွာတုပထားသော ရုပ်သံဖိုင်များ (Deepfakes)သည် အများပြည်သူ၏ ယုံကြည်မှုကို ထိခိုက်စေရုံသာမက နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့နီတိနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ခြိမ်းခြောက်လာသည့် ဥပဒေကြောင်းဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါသည်။ထိုသို့သော အခြေအနေတွင် သတင်းမီဒီယာများအနေဖြင့် နည်းပညာကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရုံသာမက သက်ဆိုင်ရာဆိုက်ဘာဥပဒေများနှင့် မီဒီယာကျင့်ဝတ်များကို တိကျစွာ လိုက်နာရန် အလွန်လိုအပ်လာပြီဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ တုံ့ပြန်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ထိုင်းအွန်လိုင်းသတင်းပံ့ပိုးသူများ အသင်း (Online News Providers Association - SONP)သည် ထိုင်းမီဒီယာရန်ပုံငွေအဖွဲ့ (Thai Media Fund)နှင့် အမျိုးသားသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (NSTDA) တို့နှင့် ပူးပေါင်း၍ "Young Digital News Providers 2025"အမည်ဖြင့် အထူးလေ့ကျင့် သင်ကြားပေးသည့် သင်တန်းတစ်ရပ်ကို မျိုးဆက်သစ်သတင်းထောက်များအား ပသုံထာနီ Pathum Thani ပြည်နယ်ရှိ Sirindhorn Science Home ၌ ၃၀-၁-၂၀၂၆ ရက်နေ့မှ ၂-၂-၂၀၂၆ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါသင်တန်းတွင် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ပေါင်း ၁၄ ခုမှ ရွေးချယ်ခံရသော ကျောင်းသားကျောင်းသူ ၆၀ ဦးအား AI နည်းပညာဆိုင်ရာ အသိပညာ AI Literacy နှင့် ခိုင်မာသော သတင်းခန်းကျင့်ဝတ် Newsroom Ethics များအကြောင်းကို အဓိကထား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

ဤသင်တန်းနှင့် စပ်လျဉ်း၍ SONP ဥက္ကဋ္ဌ Nantasit Nitmeta က ပြောကြားရာတွင် ၂၀၂၆ ခုနှစ်၏ သတင်းစာပညာလောကတွင် သတင်းထောက်တစ်ဦးသည် ဆွဲဆောင်မှုရှိသော သတင်းများကို ရေးသားနိုင်ရုံဖြင့် မလုံလောက်တော့ဘဲ ခေတ်မီ AI ကိရိယာများကို တာဝန်ယူမှုရှိစွာဖြင့် မည်ကဲ့သို့ အသုံးပြုရမည်ကို နားလည်ထားရန် လိုအပ်ကြောင်း အလေးအနက် ထောက်ပြခဲ့ပါသည်။အထူးသဖြင့် သတင်းများသည် အများပြည်သူအတွက် အမှန်တကယ် အကျိုးရှိစေရန်နှင့် တိကျမှန်ကန်မှုရှိစေရန် အတွက် တင်းကျပ်သောကျင့်ဝတ်စံနှုန်းများကို လိုက်နာကျင့်သုံးရန်မှာ မရှိမဖြစ်လိုအပ်ကြောင်း လည်း ၎င်းက ဆိုပါသည်။

အဆိုပါသင်တန်း၌ ဥပဒေပညာရှင် Paiboon Amornpinyokiat က သတိပေး ပြောကြား ရာတွင် ထိုင်းနိုင်ငံ၏ မူပိုင်ခွင့်နှင့် ဒေတာကာကွယ်ရေးဥပဒေပါ အကာအကွယ်များသည် မှတ်ပုံတင် ထားသော 'သက်မွေးဝမ်းကျောင်း မီဒီယာသမားများ' အတွက်သာ အကျုံးဝင်ပြီး၊ Influencer များနှင့် YouTuber များမှာမူ AI အသုံးပြု၍ အကြောင်းအရာများ ဖန်တီးရာတွင် ပြစ်မှုဆိုင်ရာ တာဝန်ရှိမှု (Criminal Liability)ကို အပြည့်အဝ ရင်ဆိုင်ရနိုင်ကြောင်း၊ မျိုးဆက်သစ် သတင်းထောက်များအား AI Literacy သင်ကြားပေးခြင်းသည် နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှု (Technical Skills) သာမက ဥပဒေကြောင်းဆိုင်ရာ အသိပညာ(Legal Awareness)ကိုပါ တိုးတက်စေကြောင်း ထည့်သွင်း ဆွေးနွေးခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ယခုကြိုးပမ်းမှုသည် မီဒီယာကျင့်ဝတ်ကို မြှင့်တင်ရုံသာမက ဆိုက်ဘာ အာကာသအတွင်း တရားဥပဒေစိုးမိုးရေး (Rule of Law in Cyberspace)ကို ဖော်ဆောင်ရာတွင် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။သတင်းမှားများကို ထိရောက်စွာ တားဆီးနိုင်ခြင်း ဖြင့် လူမှုစီးပွားနယ်ပယ်အတွင်း မတည်ငြိမ်မှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ သတင်းအချက် အလက် မှန်ကန်စွာ ရရှိပိုင်ခွင့်ကိုလည်း ကာကွယ်ပေးရာ ရောက်ပါသည်။

နိဂုံးချုပ်အနေဖြင့် အိမ်နီးချင်းနိုင်ငံ၏ ကြိုတင်ပြင်ဆင်မှုကို သိရှိရခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ဆိုက်ဘာကဏ္ဍ၊ မီဒီယာနှင့် သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာကဏ္ဍတို့တွင် ဥပဒေမူဘောင် များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း သတိပြုနိုင်မည်ဖြစ်ပြီး AI ခေတ်၏

စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် ကျင့်ဝတ်လိုက်နာမှုသည်သာလျှင် အကောင်းဆုံးသော ကာကွယ်ရေးလက်နက်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ကြီးကြပ်စီမံရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**


- Bangkok Post: Thailand trains new generation of reporters to tackle AI-era misinformation (Feb 3, 2026).
- https://www.bangkokpost.com/thailand/pr/3189459/thailand-trains-new-generation-of-reporters-to-tackle-aiera-misinformation
- **Online News Providers Association (SONP):** Young Digital News Providers 2025 Programme Report.

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၅ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

